**လားရှိုးမြို့နေပြည်သူများအတွက် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ**

၁။ ယခုအခါ လားရှိုးမြို့သို့ ပြည်သူများ ပြန်လည်ရောက်ရှိနေထိုင်လျက်ရှိရာ ရပ်ကွက်နေ ပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် မှတ်ပုံတင်၊ မွေးစာရင်း၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းခွဲထွက်ခြင်း၊ ပြောင်းဝင်၊ ပြောင်းထွက်များအတွက် ထောက်ခံချက်များ၊ ရပ်ကွက်အတွင်း နေထိုင်ကြောင်း၊ ခရီးသွားလာထောက်ခံချက်များ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်များနှင့် ကျောင်းအပ်နှံရေးအတွက် လိုအပ်သော ထောက်ခံချက်များအား ကြန့်ကြာမှု မရှိစေဘဲ အလျင်အမြန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ လားရှိုးမြို့ပြန်လည်ထူထောင်ရေးကာလတွင် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့ အစည်းများ၊ တပ်ရင်း/တပ်ဖွဲ့များအနေဖြင့် မူလအခြေအနေရောက်ရှိအောင် ရပ်ကွက်အတွင်းရှိ အခြေခံပညာ ကျောင်းများဖွင့်လှစ်နိုင်ရေး သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ အများနှင့်သက်ဆိုင်သော နေရာများ ရှင်းလင်းဆောင်ရွက်ခြင်း၊ ရပ်ကွက်အတွင်း ရေနှင့်မီးရရှိရေးကိစ္စရပ်များ၊ ကျန်းမာရေး ကိစ္စရပ်များ၊ ဘာသာ/ သာသနာကိစ္စရပ်များ စသည့် ပြည်သူ့ဝန်ဆောင်မှုကိစ္စရပ်အား ကဏ္ဍအလိုက် လုပ်ငန်းများအရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအပေါ် ပြည်သူများမှလည်း အားကြိုးမာန်တက် ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိရာ တစ်ဖက်အဖွဲ့အစည်းများမှ စောင့်ကြည့်၍ မလိုလားမှုဖြင့် လုပ်ငန်းများနှောင့်နှေးကြန့်ကြာအောင် တိကျခိုင်မာမှုမရှိသည့် သတင်းအချက်အလက် များအား Social Media တွင် အစိုးရအပေါ် ပြည်သူများ အထင်အမြင်လွဲမှားမှုဖြစ်အောင် ရေးသား ဖော်ပြလျက်ရှိသဖြင့် ပြည်သူအများ စဉ်းစားချင့်ချိန်ယုံကြည်နိုင်စေရန် အသိပေးအပ်ပါသည်။